# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ်(၁) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၄ |
| ၂။ | UK နှင့်Germany နှစ်နိုင်ငံကြား လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးသဘောတူညီချက်။ | ၅-၆ |
| ၃။ | ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက The United Nations Convention against Cybercrime ကို အတည်ပြုခြင်း။ | ၇-၈ |
| ၄။ | မလေးရှားဥပဒေပြုအဖွဲ့သည် အင်တာနက်အသုံးပြုမှုကို ကျယ်ပြန့်စွာထိန်းချုပ်နိုင်ရေးအတွက် ဥပဒေ(မူကြမ်း)ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၉-၁၁ |
| ၅။ | ဥရောပအကြံပေးကောင်စီမှ တရားသူကြီးများ၏စည်းကမ်းပိုင်းတာဝန်ယူမှုဆိုင်ရာ အကြံပြုချက်များ ထုတ်ပြန်ခြင်း။ | ၁၂-၁၄ |
| ၆။ | အမေရိကန်နိုင်ငံ၏အရေးယူပိတ်ဆို့မှုများစာရင်းမှ ဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၁၅-၁၆ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်သည့်အမိန့်၊ ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးခန့်အပ်သည့်အမိန့်၊ အကောက်ခွန်ဦးစီးဌာနမှထုတ်ပြန်သည့်ကုန်သေတ္တာ (Container)/အလုံပိတ်ယာဉ် (Box Track) များဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် (Logistics Surveillance System E-Lock) ကျင့်သုံးနိုင်ရေးလိုက်နာဆောင်ရွက်ရမည့်စံပြုလုပ်ငန်းစဉ်ထုတ်ပြန်ခြင်းအမိန့်၊ စက်မှုဝန်ကြီးဌာနမှထုတ်ပြန်သည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ပြည်တွင်းတွင်ထုတ်လုပ်သောကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအားတင်ပို့ခွင့်ပြုခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ရုပ်ရှင်ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၉/၉၆ ဖြင့် ၂၀-၈-၁၉၉၆ နေ့ကပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀-၁၂-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၉၉/၂၀၂၄ ဖြင့် ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရုပ်ရှင်ဥပဒေပုဒ်မ ၂(က)ရုပ်ရှင်၊ ပုဒ်မ၂(ခ)ရုပ်ရှင်ကားဆိုသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်းကောင်း၊ ပုဒ်မ ၂(ဇ)၌ ဦးစီးဌာနဆိုသည်မှာ “ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကိုဆိုကြောင်း” စကားရပ်ကိုလည်းကောင်း အစားထိုးပြင်ဆင်ခဲ့သည်ကိုတွေ့ရှိရပြီး ပုဒ်မ ၂(ဇ) နောက်တွင် ပုဒ်မ(ဈ)အဖြစ် ရုပ်ရှင်အနုပညာရှင်၊

အတတ်ပညာရှင်ဆိုသည့်စကားရပ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် ရပ်ရှင်ဥပဒေပုဒ်မ ၃(က)ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းဆိုသည့် စကားရပ်၌ မြန်မာ့ရုပ်ရှင်ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ၃(ဃ)ရှိ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ပညာသည်များဆိုသည့်စကားရပ်၌ ရုပ်ရှင်အနုပညာရှင်၊အတတ်ပညာရှင်များဆိုသည့် စကားရပ်ကိုလည်းကောင်း အစားထိုးမှုများပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ရုပ်ရှင်ဥပဒေပုဒ်မ ၄ ခြေဆင်း၊ ပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ ခြေဆင်း၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၉(က)နှင့်(ခ) တို့တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့်စကားရပ်များ၌ "ဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့အတူ ရုပ်ရှင်ဥပဒေပုဒ်မ ၄(ဇ)နောက်တွင် (ဈ)၊(ည)၊(ဋ)၊(ဌ)၊(ဍ)၊(ဎ)တို့ကို ထပ်မံဖြည့်စွက်ခဲ့ပြီး ပုဒ်မ ၅၊ ၈၊ ၁၀ နှင့် ၂၈ တို့တွင် ပါရှိသည့် စကားရပ်များကိုလည်း အစားထိုးပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။

ရုပ်ရှင်ဥပဒေ ပုဒ်မ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀ ၊ ၄၁ နှင့် ၄၂ တို့ကို ပုဒ်မ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉ နှင့် ၅၀ တို့အဖြစ် ပြန်လည်အမှတ်စဉ်ပြဋ္ဌာန်းခဲ့ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၆ ၏ နောက်တွင် ပုဒ်မ ၄၆-က "ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်းမရှိစေရ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။

ရုပ်ရှင်ဥပဒေ အခန်း (၇) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်းတို့တွင် ပါရှိသည့် ပုဒ်မ ၃၀ ၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် အခန်း (၈) ပြစ်မှုနှင့်ပြစ်ဒဏ်များတွင် ပါရှိသည့်ပုဒ်မ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂ တို့ကို ပြင်ဆင်ဖြည့်စွက်မှုများပြုခဲ့ပါသည်။ **ဤဥပဒေအရ အများဆုံးချမှတ်နိုင်သည့်ထောင်ဒဏ်မှာသုံးနှစ်ထိဖြစ်ပြီး ငွေဒဏ်မှာကျပ်သိန်းသုံးဆယ်အထိဖြစ်ကြောင်း**

နှင့် ပြစ်မှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ရုပ်ရှင်ဥပဒေကို လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## UK နှင့် Germany နှစ်နိုင်ငံကြား လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး သဘောတူညီချက်

UK နှင့် Germany နှစ်နိုင်ငံကြား လူမှောင်ခိုကူးမှုတိုက်ဖျက်ရန် သဘောတူညီခဲ့ကြပြီး ထိုအစီအစဉ်သည် ရွှေ့ပြောင်းအခြေကျနေထိုင်သူများကို လူမှောင်ခိုကူးခံရမှုမှကာကွယ်ရန် ရည်ရွယ်သည့်အစီအစဉ်ဖြစ်ပါသည်။ UK နှင့် Germany တို့၏ သက်ဆိုင်ရာဥပဒေများနှင့်အညီ နှစ်နိုင်ငံကြား ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ခိုင်မာစွာဆောင်ရွက်ရန် သဘောတူချမှတ်ခဲ့ကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဂျာမနီနိုင်ငံတွင် ဥရောပနိုင်ငံများမဟုတ်သည့်အခြားနိုင်ငံများသို့ လူမှောင်ခိုကူးခြင်းအတွက် ပြစ်ဒဏ်ပေးနိုင်သည့်ဥပဒေရှိသော်လည်း UK နိုင်ငံသည် EU အဖွဲ့ဝင်မဟုတ်သည့်အတွက် ဂျာမနီနိုင်ငံမှ UK နိုင်ငံသို့ လူမှောင်ခိုကူးပါက ဥပဒေအရ ကင်းလွတ်နေသည့်အတွက် ယခုအစီအစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

UK နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ကြသူများကိုဦးတည်ပြီး လူမှောင်ခိုကူးခြင်းအတွက် ပြစ်ဒဏ်များပေးနိုင်ရန်၊ ဥပဒေအရဆောင်ရွက်ချက်များကို ခိုင်မာစွာဆောင်ရွက်နိုင်ရန်၊ အန္တရာယ်ရှိသည့်နေရာများကျဉ်းသည်ထက်ကျဉ်းရန် UK နှင့် Germany နှစ်နိုင်ငံကြား အပြန်အလှန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

ဂျာမနီနိုင်ငံပြည်ထဲရေးဝန်ကြီးက လူအများ၏လိုအပ်ချက်အပေါ် အမြတ်ထုတ်သည့်မသမာသောစီးပွားရေးလုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် ခိုင်မာသည့်ဆောင်ရွက်ချက်များကို အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားပြီး UK အိမ်တော်၏ ပြောရေးဆိုခွင့်ရသူကလည်း ယခုသဘောတူညီချက်အစီအစဉ်သည် ပထမခြေလှမ်းဖြစ်သည်ဟုပြောကြားထားပါသည်။

၂၀၁၄-၂၀၂၄ အတွင်း UK သို့ ပြောင်းရွှေ့ရောက်ရှိလာသူများတိုက်ခိုက်ခံခဲ့ရပြီး လူဦးရေ ၂၅၀ အထက်သေဆုံးခဲ့ကြောင်းကို ရွှေ့ပြောင်းအခြေချနေထိုင်သူများဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီရင်ခံစာအရ သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2024/12/uk-germany-agreement-tightens-people-smuggling-laws-closing-legal-loophole/#

## ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက The United Nations Convention against Cybercrime ကို အတည်ပြုခြင်း

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏အချိန်ကာလ ၅ နှစ်ကြာ ကြိုးပမ်းဆောင်ရွက်ခဲ့ရသည့် The United Nations Convention against Cybercrime ကို ၂၄-၁၂-၂၀၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါ Convention သည် United Nations ၏ဆိုက်ဘာမှုခင်းများတိုက်ဖျက်နိုင်ရေးဆိုင်ရာ ပထမဆုံးသောနိုင်ငံတကာသဘာတူစာချုပ်တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်နေသည့် ဆိုက်ဘာမှုခင်းများကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းနှင့် အရေးယူအပြစ်ပေးခြင်းတို့ဆောင်ရွက်ရာတွင် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးကို အထောက်အကူများစွာပေးနိုင်သည့် နိုင်ငံတကာဥပဒေဆိုင်ရာ အခြေခံမူဘောင်တစ်ခုဖြစ်ပါသည်။

ယင်း Convention တွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ စာချုပ်ဝင်နိုင်ငံများ၏ပြည်တွင်း ဥပဒေများပါပြဋ္ဌာန်းချက်များဆီလျော်ညီညွတ်မှုရှိရေး၊ လူ့အခွင့်အရေးဆိုင်ရာအကာအကွယ်ပေးရေး၊ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုများအပေါ် အကာအကွယ်ပေးရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းပညာဆိုင်ရာအကူအညီပေးရေး၊ လေ့ကျင့်သင်တန်းပေးရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးစသည့် အချက်များပါဝင်ကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ Convention တွင်ပါဝင်လက်မှတ်ရေးထိုး နိုင်မည့်တရားဝင်အခမ်းအနားကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ၂၀၂၅ ခုနှစ်တွင် ကျင်းပရန် စီစဉ် ဆောင်ရွက်နေကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံပေါင်း ၄၀ က အတည်ပြုလက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ ပြည့်သည့်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း UN news အင်တာနက် စာမျက်နှာတွင်ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံနေဖြင့် ယင်း Convention တွင် ပါဝင်လက်မှတ်ရေးထိုးရန် သင့် မသင့် အကြောင်းပေါ်ပေါက်လာရန်ရှိပြီး မြန်မာနိုင်ငံက လက်ရှိရေးဆွဲခဲ့သည့်ဆိုက်ဘာလုံခြုံရေးဥပဒေသည် The United Nations Convention Against Cybercrime ပါ အခြေခံမူဘောင်များနှင့် လွှမ်းခြုံမှု ရှိ မရှိ ဆိုသည့် နှိုင်းယှဉ် သုံးသပ်လေ့လာရန် အကြောင်းပေါ်ပေါက်လာနိုင်ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ<br>
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန


ကိုးကားချက်

https://news.un.org/en/story/2024/12/1158521

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ်(၁) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်

## မလေးရှားဥပဒေပြုအဖွဲ့သည် အင်တာနက်အသုံးပြုမှုကို ကျယ်ပြန့်စွာထိန်းချုပ်နိုင်ရေးအတွက် ဥပဒေ(မူကြမ်း)ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

ဥပဒေသည် လွတ်လပ်စွာပြောဆိုခွင့်နှင့် သဘောထားကွဲလွဲမှုများကိုဖိနှိပ်ကြောင်း ဝေဖန်မှုများကြောင့် ပြောင်းလဲမှုများမဖြစ်ပေါ်စေရန် မလေးရှားဥပဒေပြုသူများက အစိုးရမှ အင်တာနက်အား ပိုမိုကျယ်ပြန့်စွာထိန်းချုပ်ဆောင်ရွက်နိုင်ရန် ထောက်ခံမဲပေးခဲ့ကြပါသည်။

ဆက်သွယ်ရေးဝန်ကြီး Fahmi Fadzil က ကလေးညစ်ညမ်းရုပ်ပုံစာပေများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ ဆိုက်ဘာအနိုင်ကျင့်မှုနှင့် လိမ်လည်လှည့်စားမှုများပါဝင်သည့် အွန်လိုင်းအန္တရာယ်ကို ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစိုးရသည် တည်ဆဲဥပဒေများကို ပြင်ဆင်ရန်လိုအပ်ကြောင်း၊ လွတ်လပ်စွာပြောဆိုခွင့်ရှိသော်လည်း ပြည်သူများ၏လုံခြုံရေးအတွက် လိုအပ်သည့် ကန့်သတ်ချက်များကို လွှတ်တော်မှတစ်ဆင့်ချမှတ်ရန် ၎င်းတို့မှလွှတ်တော်အား လုပ်ပိုင်ခွင့်ပေးထားကြောင်းစသည်တို့ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့တွင် ကျင်းပသည့်ပါလီမန်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဥပဒေကြမ်းရေးဆွဲရာတွင် ပါဝင်ပတ်သက်သူများနှင့်ညှိနှိုင်းဆွေးနွေးမှုပေါင်း ၂၀ ကျော် ပြုလုပ်ခဲ့ကြောင်း၊ ဥပဒေကြမ်းတွင် အခွင့်အာဏာရှိသည့်အရာရှိတစ်ဦးဦးက တရားဥပဒေစိုးမိုးရေးအတွက် ဝရမ်းမပါဘဲ ရှာဖွေဖမ်းဆီးနိုင်သကဲ့သို့ ဥပဒေပါပြဋ္ဌာန်းချက်များအား ချိုးဖောက်မှုများအပေါ် ပြင်းထန်သောပြစ်ဒဏ်များချမှတ်ရန် အခွင့်အာဏာပေးထားကြောင်း၊ ဝန်ဆောင်မှုပေးသူများ (service providers)သည် စုံစမ်းစစ်ဆေးနေစဉ်အတွင်း စွပ်စွဲခံရသူများ၏ဒေတာအသုံးပြုမှုအချက်အလက်များကို ဥပဒေနှင့်အညီ အာဏာပိုင်များထံသို့ ဖော်ထုတ်ရန်တာဝန်ရှိကြောင်း ပြောကြားခဲ့ပါသည်။

မလေးရှားနိုင်ငံအစိုးရသည် online platforms ကိုထိန်းချုပ်ရန်နှင့် တရားမဝင်အကြောင်းအရာများအတွက် နည်းပညာလုပ်ငန်းများမှတာဝန်ယူမှုရှိစေရန် အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်အားထုတ်လျက်ရှိပါသည်။ Kuala Lumpur မှ New Delhi နှင့် Canberra အထိ တာဝန်ရှိသူများသည်

နိုင်ငံရေးအရ ထိလွယ်ရှလွယ်ဖြစ်စေပြီး ပြည်သူများ၏ထင်မြင်ယူဆချက်ကို လွှမ်းမိုးစေနိုင်သည့် ဆိုရှယ်မီဒီယာကိုထိန်းချုပ်ရန် သို့မဟုတ် ကန့်သတ်ရန် နည်းလမ်းများကို ပိုမိုရှာဖွေလျက်ရှိပါသည်။

Meta အပါအဝင် Facebook နှင့် Instagram ကဲ့သို့သော နည်းပညာလုပ်ငန်းကြီးများသည် ဒေသတွင်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန် ပြောကြားခဲ့သော်လည်း online platforms တွင် ညီညွတ်မှုတမှုမရှိသော တာဝန်ရှိမှုနှင့် စည်းမျဉ်းများကိုကျော်လွန်၍ အန္တရာယ်ဖြစ်စေသော အများသူငှာ၏ ပြောဆိုရေးသားမှုများကိုမူ ငြင်းဆိုကြောင်း ပြောကြားခဲ့ပါသည်။

မလေးရှားအောက်လွှတ်တော်က ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးခဲ့ကြရာ ထောက်ခံမဲ ၅၉-၄၀ ဖြင့် ၉-၁၂-၂၀၂၄ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ခဲ့ပါသည်။ မည်သည့်အခွင့်ရအရာရှိမဆို ဖမ်းဝရမ်း မပါဘဲဆောင်ရွက်နိုင်သည့် အခွင့်အာဏာအပ်နှင်းထားကြောင်းနှင့် အမုန်းစကားများတွင် မည်သည် များပါဝင်ကြောင်းတို့ကို ကာလရှည်ကြာ အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။ အခွင့်ရအရာရှိဆိုသည်မှာ မည်သူ သို့မဟုတ် အရာရှိ သို့မဟုတ် ရုံးဝန်ထမ်းကိုဆိုလိုကြောင်းဖော်ပြချက်မပါရှိကြောင်း စသည်ဖြင့် အတိုက်အခံပါတီမှ ဥပဒေပြုသူ Mas Ermieyati Samsudin ကဆွေးနွေး မေးမြန်းခဲ့ သည်ဟု ဖော်ပြထားပါသည်။

Fahmi က အဆိုပါအချက်သည် အရေးကြီးသည့်အချက်တစ်ခုဖြစ်ကြောင်း၊ ဥပဒေအရ စုံစမ်းစစ်ဆေးရေးအတွက်ဝန်ကြီးအား အခွင့်ရအရာရှိခန့်ထားရန်ခွင့်ပြုထားကြောင်းနှင့် တာဝန်ခံ ဝန်ကြီးက အခွင့်ရအရာရှိကို လုပ်ပိုင်ခွင့်ပေးထားကြောင်း ပြောကြားခဲ့ပါသည်။ ဥပဒေကြမ်းအား ပြင်ဆင်ပြောင်းလဲမှုမရှိပါက အထက်လွှတ်တော်သို့ တင်ပြအတည်ပြုရယူမည်ဖြစ်ကြောင်း ဖော်ပြ ထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.bangkokpost.com/world/2917301/malaysian-lawmakers-approve-broader-internet-controls.

## ဥရောပအကြံပေးကောင်စီမှ တရားသူကြီးများ၏စည်းကမ်းပိုင်းတာဝန်ယူမှုဆိုင်ရာအကြံပြုချက်များ ထုတ်ပြန်ခြင်း

ဥရောပအကြံပေးကောင်စီသည် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအပေါ် ခြိမ်းခြောက်မှု အန္တရာယ်များတိုးပွားလာနေချိန်တွင် စည်းကမ်းထိန်းသိမ်းရေးတရားသူကြီးများနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုချက် ၂၃ ရပ် ထုတ်ပြန်ခဲ့ပါသည်။

ဥရောပတရားသူကြီးများအတိုင်ပင်ခံကောင်စီ(CCJE)၏သဘောထားအရ အုပ်ချုပ်မှုအဖွဲ့ များသည် မိမိ၏သဘောဆန္ဒအရ ဆုံးဖြတ်ခြင်းမပြုတတ်သောတရားသူကြီးများကို အရေးယူ အပြစ်ပေးရန် သို့မဟုတ် ရာထူးမှဖယ်ရှားရန် စည်းကမ်းပိုင်းဆိုင်ရာစီမံခန့်ခွဲမှုများဆောင်ရွက်ထား သည်ကိုတွေ့ရှိရသည့်အတွက် ဥရောပတရားရုံးများ၏ဆုံးဖြတ်ချက်များကို လိုက်နာရမည်ဖြစ် ပါသည်။ တရားသူကြီးများ၏တာဝန်ဝတ္တရားသည် 'အလွန်စိုးရိမ်ဖွယ်ရာ' ခေါင်းစဉ်ဖြစ်လာသည်ဟု ၎င်းကပြောဆိုခဲ့ပါသည်။ယခုကဲ့သို့မကြာသေးမီက ဖြစ်ပေါ်တိုးတက်မှုများကြောင့်၊ တရားသူကြီးများ ၏စည်းကမ်းပိုင်းဆိုင်ရာတာဝန်ဝတ္တရားများနှင့် ကန့်သတ်ချက်များကိုအခြေခံ၍ ဆင်ခြင်သုံးသပ်ရန် လိုအပ်ပါသည်။

တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါအခန်းကဏ္ဍကို ဖြည့်ဆည်းရန်အတွက် လုပ်ငန်းပိုင်းဆိုင်ရာအဆင့်မြင့်ကျင့်ဝတ်များနှင့်အညီ ၎င်းတို့၏တာဝန်များကို ထမ်းဆောင်ရမည် ဖြစ်သည်။ စည်းကမ်းပိုင်းဆိုင်ရာတာဝန်ခံမှုဆိုသည်မှာ တရားသူကြီးများသည် ၎င်းတို့၏တာဝန်များ ကိုတိကျစွာ လိုက်နာခြင်းနည်းလမ်းပင်ဖြစ်ပါသည်။ သို့မှသာ တရားမျှတရေးဆိုင်ရာစီမံခန့်ခွဲမှုမှာ ပြည်သူလူထု၏ယုံကြည်မှုကို ရေရှည်ထိန်းသိမ်းရန် အထောက်အကူဖြစ်စေပါမည်။

CCJE(ဥရောပတရားသူကြီးများအတိုင်ပင်ခံကောင်စီ)ကို အဖွဲ့ဝင်နိုင်ငံ ၄၆ နိုင်ငံမှ တရားသူကြီး များဖြင့်ဖွဲ့စည်းထားပြီး တရားစီရင်ရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်သူ များအတွက် လမ်းညွှန်သဖွယ် အထောက်အပံ့များပေးလျက်ရှိပါသည်။

အထက်ဖော်ပြပါအကြံပြုချက်များတွင် တရားသူကြီးများအတွက် စည်းကမ်းကျင့်ဝတ်ပိုင်းဆိုင်ရာတရားစွဲခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြတ်သားသည့် လုပ်ထုံးလုပ်နည်းများနှင့်စည်းမျဉ်းများပါဝင်ပါသည်။ စည်းကမ်းကျင့်ဝတ်ပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စုံစမ်းစစ်ဆေးရေးကိစ္စများအတွက် တာဝန်ရှိသောအဖွဲ့များအနေဖြင့် စည်းကမ်းပိုင်းဆိုင်ရာကိစ္စရပ်များကိုဆုံးဖြတ်သည့်အဖွဲ့နှင့်တူညီမည်မဟုတ်ပေ။ အဖွဲ့အစည်းအားလုံးသည် အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးအာဏာများမှ အမှီအခိုကင်းမဲ့စွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ပါသည်။

တရားသူကြီးများ၏ဆုံးဖြတ်ချက်များသည် 'မလျော်ကန်မှု၊ ဘက်လိုက်မှု၊ တမင်ပျက်ကွက်မှု သို့မဟုတ် ကြီးလေးသောအကျင့်ပျက်ခြစားမှု' စသည့် စည်းကမ်းကျင့်ဝတ်များကင်းရှင်းရမည်ဖြစ်ပါသည်။ စည်းကမ်းကျင့်ဝတ်ပိုင်းဆိုင်ရာ တရားစွဲဆိုမှုများနှင့်ဆုံးဖြတ်ချက်များတွင် တရားသူကြီးများအတွက် အယူခံဝင်ရန် အခွင့်အရေးကိုလည်းပေးသင့်ကြောင်း ဖော်ပြပါရှိပါသည်။

စည်းကမ်းကျင့်ဝတ်ပိုင်းဆိုင်ရာပိတ်ဆို့အရေးယူမှုများကို တိကျပြတ်သားစွာ သတ်မှတ်ထားပြီး၊ ချိုးဖောက်သူများကို မှတ်တမ်းတင်စာရင်းကောက်ယူရမည်ဟုလည်း CCJE (ဥရောပတရားသူကြီးများအတိုင်ပင်ခံကောင်စီ)မှပြောကြားထားပါသည်။ တရားသူကြီးတစ်ဦးအပေါ်ချမှတ်သည့်စည်းကမ်းပိုင်းဆိုင်ရာပြစ်ဒဏ်ချမှတ်မှုတိုင်းသည် တစ်ပြေးညီတည်း တရားမျှတမှုရှိရမည်ဖြစ်သည်။ တရားသူကြီးတစ်ဦးအား ရာထူးမှထုတ်ပယ်ခြင်းကို အပြင်းထန်ဆုံးအရေးယူမှုတစ်ရပ်အဖြစ် မလွှဲရှောင်သာသော နောက်ဆုံးနည်းလမ်းအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်ဟုလည်း ဖော်ပြထားပါသည်။

ဤသဘောထားများနှင့်အကြံပြုချက်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေမူဘောင်များနှင့် ကျင့်ထုံးများကို ပြန်လည်သုံးသပ်ခြင်းအပေါ် အခြေခံထားခြင်းသာဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.lawgazette.co.uk/news/council-of-europe-body-acts-to-safeguard-judicial-independence/5121883.article?

## အမေရိကန်နိုင်ငံ၏အရေးယူပိတ်ဆို့မှုများစာရင်းမှဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

အမေရိကန်နိုင်ငံတွင် လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများကို အရေးယူပိတ်ဆို့မှုများစာရင်းတွင် ထည့်သွင်းဖော်ပြလျက်ရှိပြီး နှစ်စဉ်နှစ်တိုင်းလူအများအပြားကို "အထူးသတ်မှတ်ထားသော နိုင်ငံသားများနှင့်ပိတ်ပင်တားဆီးခြင်းခံထားရသူများစာရင်း- List of Specially Designated Nationals and Blocked Persons" ("SDN List") မှ ဖယ်ရှားခြင်းတို့လည်း ပြုလုပ်လျက်ရှိပါသည်။ အဆိုပါ အရေးယူပိတ်ပင်တားဆီးသည့်များစာရင်းမှ ဖယ်ရှားခြင်းဆိုင်ရာဆုံးဖြတ်ချက်တစ်ခုစီသည် စေ့စပ်သေချာစွာသုံးသပ်ထားသည့်သုံးသပ်ချက်အပေါ်အခြေခံထားကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အမေရိကန်နိုင်ငံသည် အမေရိကန်၏အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်မှုပြုသည်ဆိုသည့်အကြောင်းဖြင့် တရုတ်ကုမ္ပဏီနှစ်ခုကို ဝါရှင်တန်၏ "အမေရိကန်တွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော တရုတ်စစ်ဘက်ဆိုင်ရာကုမ္ပဏီများအဖြစ် သတ်မှတ်ထားသည့်အဖွဲ့အစည်းများ"စာရင်းတွင် ထည့်သွင်း ဖော်ပြခဲ့သည်။ အလားတူအမေရိကန်နိုင်ငံ၏ ပြည်တွင်းလုံခြုံရေးဌာန (The U.S. Department of Homeland Security) သည် အကျိုးအမြတ်များသော လုပ်ငန်းများကို အမေရိကန်ဈေးကွက်သို့ ဝင်ရောက်ခြင်းမပြုနိုင်ရန်အတွက် တရုတ်ကုမ္ပဏီများကို ပိတ်ဆို့အရေးယူမှုစာရင်းတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ထိုသို့ အမည်ပျက်စာရင်းတွင် ထည့်သွင်းခြင်းခံရသည့်ကုမ္ပဏီများအနက် ၂၀၂၁ ခုနှစ်တွင် တရုတ်စမတ်ဖုန်းများထုတ်လုပ်သူ Xiaomi မှ ၎င်းကုမ္ပဏီကိုအမည်ပျက်စာရင်းတွင် ထည့်သွင်းဖော်ပြသည့်အတွက် အမေရိကန်ကာကွယ်ရေးဌာနကို တရားစွဲဆိုခဲ့ရာ လေးလအကြာတွင် တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ရန် လုံလောက်သည့်သက်သေခံအထောက်အထားမရှိဆိုသည့် အကြောင်းပြချက်ဖြင့် တရုတ်နည်းပညာကုမ္ပဏီကို အဆိုပါအမည်ပျက်စာရင်းမှဖယ်ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် တရုတ်ထိပ်တန်းဒရုန်းထုတ်လုပ်သူ DJI နှင့် စမတ်ကားများတွင် အသုံးပြုသည့် အဝေးထိန်း

အာရုံခံကိရိယာများထုတ်လုပ်သည့်တရုတ်ကုမ္ပဏီ Hesai Technology တို့သည်လည်း ယခုနှစ်အတွင်း အလားတူ အကြောင်းပြချက်ဖြင့် တရားစွဲဆိုခဲ့ပါသည်။

သုတေသနစစ်တမ်းများအရ WTO ၏ ဂက်ဘ်ဆိုဒ်တွင် အမေရိကန်နိုင်ငံတရားစွဲဆိုခံရသည့် အမှုအရေအတွက်သည် ယခုအချိန်အထိ ဥရောပသမဂ္ဂစီးပွားရေးအားလုံးနီးပါးထက် များစွာကျော်လွန်နေပြီး ယင်းသို့စွဲဆိုမှုများတွင် အများစုမှာ အမေရိကန်နိုင်ငံက ရှုံးနိမ့်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အမေရိကန်နိုင်ငံ၏ဒဏ်ခတ်ပိတ်ဆို့မှုဆိုရာတွင် အမေရိကန်အစိုးရမှလူပုဂ္ဂိုလ်များကို ပိတ်ဆို့အရေးယူမှုစာရင်းတွင်ထည့်သွင်းခြင်းသာမက ဥပဒေနှင့်အညီ အဆိုပါစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက်ဖယ်ရှားခြင်းတို့လည်း ပါဝင်ပါသည်။ ထို့ပြင် အမေရိကန်နိုင်ငံ၏ SDN စာရင်းမှ ဖယ်ရှားလိုပါက အဆိုပါစာရင်းတွင်ပါဝင်သူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်များမှ တိုက်ရိုက်လျှောက်ထားနိုင်ပြီး ရှေ့နေမှတစ်ဆင့်လျှောက်ထားခြင်းကို ခွင့်မပြုကြောင်း၊ ဒဏ်ခတ်ပိတ်ဆို့မှုစာရင်းမှ ပယ်ဖျက်ပေးနိုင်ပါရန် ကနဦးလျှောက်ထားချက်ကို ငြင်းဆိုခြင်းခံရသည့်အခါ လျှောက်ထားချက်အသစ်၊ သက်သေခံချက်အသစ်များဖြင့် ထပ်မံလျှောက်ထားလိုပါက ထပ်မံလျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.state.gov/sanctions-delisting/
- https://www.chinadaily.com.cn/a/202412/20/WS6764aa5da310f1265a1d3ec9.html

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ်(၁) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

